# ACC Against COVID-19




## အစီအစဉ် (၄၄ )

## COVID-19 ကာလအတွင်း အများပြည်သူဆိုင်ရာပစ္စည်းဝယ်ယူမှုနှင့် ပတ်သက်သည့်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး

**တင်ပြသူ**

ဦးအောင်နိုင်ဦး



COVID-19 ကပ်ရောဂါကြီးဟာ
လူသားအားလုံး အတွက် ယခင်က
မကြုံဖူးခဲ့တဲ့ စိန်ခေါ်မှုတွေ၊
မရေရာမှုတွေ၊ စီးပွားရေး
တုံ့ဆိုင်းမှုတွေကို ယူဆောင်
လာခဲ့ပါတယ်။ ဒီလိုဖြစ်ပေါ်ခဲ့မှုက
အဂတိလိုက်စားမှုတွေအတွက်
အခွင့်သာစေမယ့်
အခြေအနေတစ်ရပ်ကိုလည်း
ပေါ်ပေါက်စေခဲ့ပြန်ပါတယ်။

ကပ်ရောဂါကာလအတွင်းမှာ အစိုးရကော၊ ပုဂ္ဂလိက ကဏ္ဍပါ လက်တွဲပြီး အဂတိမကင်းတဲ့ လုပ်ဆောင်မှုတွေကို တားဆီးကာကွယ်ဖို့၊ ဖော်ထုတ်ဖို့ ဥပဒေနဲ့အညီ အရေးယူ ဆောင်ရွက်သွားနိုင်ဖို့ လိုအပ်လာပါတယ်။ အထူးသဖြင့် ကပ်ရောဂါဘေးက ကာကွယ်ဖို့နဲ့ စီးပွားရေးဂယက်တွေကို တုံ့ပြန်ဖို့ အချိန်လုပြီး အရေးတကြီး ဆောင်ရွက်ရတဲ့ အချိန်အခါမျိုးမှာ အဂတိလိုက်စားမှုတွေဟာ အချိန်တို အတွင်း တစ်ပါတည်း ပူးတွဲဖြစ်ပေါ်လာလေ့ ရှိတတ် ပါတယ်။



၂၀၀၉ ခုနှစ်က ပေါ်ပေါက်ခဲ့တဲ့ H1N1 တုပ်ကွေး ရောဂါ ကူးစက်ပြန့်ပွားမှု ဖြစ်ပွားပြီးနောက် ဖြစ်စဉ်အခြေအနေတွေနှင့် ပတ်သက်ပြီး ဥရောပ ပါလီမန် ကျန်းမာရေးကော်မတီရဲ့ ကောင်စီ (The Council of Europe Parliamentary Health Committee) ကထုတ်ပြန်ချက်တစ်ရပ် ဆောင်ရွက်ခဲ့ပါတယ်။



အဲဒီထုတ်ပြန်ချက်မှာ H1N1 တုပ်ကွေးရောဂါ နှိမ်နှင်းရေး လုပ်ငန်းစဉ်တစ်လျှောက် ဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး မလိုလားအပ်တဲ့ အောက်ပါအချက်(၃)ချက် ဖြစ်ပေါ်ခဲ့တာကို အလေးထားဖော်ပြခဲ့ပါတယ် -




(၁) အစိုးရရဲ့ ရန်ပုံငွေ ပမာဏကြီးမားစွာ အလဟဿ ဖြစ်ခဲ့ရခြင်း။

(၂) ကူးစက်ရောဂါ ဖြစ်ပွားစဉ်မှာ ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေဟာ ပွင့်လင်းမြင်သာမှု မရှိခဲ့ခြင်း။

(၃) ကူးစက်ရောဂါကို တုံ့ပြန်ရာမှာ ဆေးဝါးထုတ်လုပ်တဲ့ လုပ်ငန်းကြီးတွေရဲ့ ဩဇာလွှမ်းမိုးမှု ကြီးမားခဲ့တာကို သံသယဖြစ်ဖွယ် တွေ့ရှိရခြင်း စတဲ့အချက်တွေ ဖြစ်ပါတယ်။




အဆိုပါ အချက်တွေ အားလုံးဟာ အဂတိလိုက်စားမှုနှင့်မလွတ်ကင်းကြောင်းဖော်ပြထားပါတယ်။ ဒီနေ့ကမ္ဘာပေါ်မှာ ပျံ့နှံ့ဖြစ်ပွားနေတဲ့ COVID-19 ဟာ ၂၀၀၉ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ H1N1 တုပ်ကွေးကူးစက်ရောဂါထက် များစွာပြင်းထန် ကျယ်ပြန့်တာမို့ လတ်တလောကာလမှာ ဖြစ်ပေါ်နေနိုင်တဲ့ အဂတိမကင်းတဲ့ လုပ်ဆောင်မှုတွေဟာ ကပ်ရောဂါ ကာကွယ်ကုသရေးအတွက် ဆောင်ရွက်ရတဲ့ နယ်ပယ်မှာသာမက အခြားနယ်ပယ်များမှာလည်း ပိုမိုကျယ်ပြန့်စွာ ပေါ်ပေါက်နေနိုင်တယ်လို့ သုံးသပ်ရပါတယ်

ဥပမာအားဖြင့် နိုင်ဂျီးရီးယားနိုင်ငံအစိုးရက အသွားအလာ ပိတ်ပင်တားဆီးမှု (Lockdown) အစီအစဉ် ချမှတ် ကျင့်သုံးနေစဉ်အတွင်းမှာ ပိတ်ပင်တားဆီးမှု တာဝန်ယူဆောင်ရွက်ရတဲ့ အဖွဲ့အစည်းတွေဟာ မော်တော်ယာဉ် ပိုင်ရှင်အချို့ထံက လာဘ်ငွေရယူပြီး တားဆီးမှုမပြုဘဲ သွားလာခွင့်ပေးလိုက်တဲ့ ဖြစ်စဉ်မျိုးတွေ၊ တရားမဝင် ကုန်ပစ္စည်းကူးသန်းရောင်းဝယ်သူတွေ၊ မူးယစ်ဆေးဝါးရောင်းဝယ်သူ တွေကလည်း ပိတ်ပင်တားဆီးမှုအပေါ် လာဘ်ပေးလာဘ်ယူလုပ်ပြီး အကျိုးအမြတ်ရယူကြတဲ့ ဖြစ်စဉ်မျိုးတွေ ရှိခဲ့တယ်လို့လည်း ဆိုပါတယ်။

ကမ္ဘာ့ကပ်ရောဂါနှင့် ပတ်သက်ပြီး လတ်တလော ဦးစားပေး
ဆောင်ရွက်ရတဲ့ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး
ပြန်လည်ကုစားမှုဆိုင်ရာကိစ္စရပ်များ လုပ်ဆောင်နေရသော်လည်း
အဂတိလိုက်စားမှုတွေဟာ ဆိုးရွားတဲ့ ရာဇဝတ်
မကောင်းတဲ့ပြစ်မှုတွေ ဖြစ်တာကြောင့် စုံစမ်းဖော်ထုတ်မှုတွေ၊
တရားဥပဒေအရ အရေးယူမှုတွေ ဆောင်ရွက်ရာမှာ လျှော့လျှော့
ပေါ့ပေါ့ မဖြစ်စေသင့်ဘူးလို့ “စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့်
ဖွံ့ဖြိုးမှုအဖွဲ့အစည်း (OECD)” က တိုက်တွန်းထားပါတယ်။
အထူးသဖြင့် ဥပဒေစိုးမိုးမှုရှိပြီး အစိုးရ၏ ဆောင်ရွက်မှုများ
တော်တည့်မှန်ကန်မှုတွေကို အလေးအနက်ထားပြီး
ဆောင်ရွက်ရမယ့် အချိန်လို့လည်း ဆိုပါတယ်။



COVID-19 နဲ့ ဆက်စပ်ပြီး ပေါ်ပေါက်နိုင်တဲ့ လာဘ်ပေးလာဘ်ယူမှုတွေဟာ အစိုးရရဲ့ ပစ္စည်းဝယ်ယူမှု (Government Procurement) လုပ်ငန်းစဉ်တွေမှာ အများဆုံး ပေါ်ပေါက်နိုင်တာကိုလည်း သတိပြုဖို့ လိုအပ်ပါတယ်။ ယနေ့ကာလမှာ နိုင်ငံတိုင်း၊ အစိုးရတိုင်းဟာ ကပ်ရောဂါဘေးက ကာကွယ်ရန်နဲ့ စီးပွားရေး ပြန်လည်နာလန်ထရန် လိုအပ်တဲ့ ဝယ်ယူမှုတွေကို အချိန်တိုအတွင်း အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြတဲ့အချိန်လည်း ဖြစ်ပါတယ်။






OECD’s Foreign Bribery Report အရ ကမ္ဘာပေါ်မှာ ဖြစ်ပေါ်ခဲ့တဲ့
လာဘ်ပေးလာဘ်ယူမှုတွေရဲ့ ၅၇%ဟာ အစိုးရပစ္စည်းဝယ်ယူမှုတွေက ပေါ်ပေါက်ခဲ့တဲ့
ဖြစ်စဉ်တွေဖြစ်ကြောင်း တွေ့ရှိ ရပါတယ်။ ယနေ့ကာလတွင်အစိုးရ ဝယ်ယူမှုတွေကို
အချိန်တိုအတွင်း အရှိန်အဟုန်နဲ့ ဆောင်ရွက် နေရခြင်းဟာ
အဂတိလိုက်စားမှုတွေဖြစ်ပွားလာစေရေးအတွက် အခြေအနေကောင်းတစ်ခုသဖွယ်
ဖြစ်နေတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အစိုးရအနေနဲ့ မိမိတို့ရဲ့ ပစ္စည်းဝယ်ယူမှု အစီအစဉ်တွေနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကို ပြန်လည်စိစစ်သုံးသပ်ဖို့ လိုသလို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့လည်း မိမိပစ္စည်းပေးသွင်းခွင့်ရဖို့အတွက်မမှန်ကန်တဲ့နည်းလမ်းနဲ့ ဆောင်ရွက်ခြင်း ဟာ ရာဇဝတ်မကင်းဘူးဆိုတာ သိထားဖို့ လိုအပ်လှပါတယ်။  နိုင်ငံအချို့မှာတော့ COVID-19  နဲ့ပတ်သက်ပြီး ပစ္စည်းဝယ်ယူမှုတွေမှာ သီးခြားလုပ်ထုံးလုပ်နည်း၊ အမိန့်ကြေညာချက်တွေ ထုတ်ပြန်ဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။





ဥပမာအားဖြင့် အိုင်ယာလန်နိုင်ငံမှာ "An information note on good practices for contracting authorities during the COVID-19 operate" ကို ထုတ်ပြန်ခဲ့သလို ဂျပန်နိုင်ငံအစိုးရကလည်း "Measures to be taken for public procurement by local governments in response to COVID-19" ကို ထုတ်ပြန်ခဲ့တာ တွေ့ရပါတယ်။




အဂတိလိုက်စားမှုတွေဟာ အခြားနယ်ပယ်တွေဖြစ်တဲ့ စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်တွေ၊
အကူအညီအထောက်အပံ့ လုပ်ငန်းစဉ်တွေ၊ အစိုးရဖွံ့ဖြိုးမှုအထောက်အပံ့ ရယူတဲ့ လုပ်ငန်းစဉ်တွေမှာလည်း
ပေါ်ပေါက်လာနိုင်တဲ့အတွက် စီးပွားရေးလုပ်ငန်းများနှင့်ဆက်စပ်ဆောင်ရွက်ရတဲ့ အစိုးရအဖွဲ့အစည်း
အသီးသီးမှာ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ခြင်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ
ဖြေလျှော့မှုပေးခြင်း၊ နည်းပညာအသုံးပြု ဝန်ဆောင်မှုပေးခြင်းစတာတွေကိုလည်း
အချို့နိုင်ငံများမှာ တိုးတက်ကျင့်သုံးလာတာ တွေ့ရပြန်ပါတယ်။

စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အစိုးရပိုင်းက ထိန်းကျောင်းဆောင်ရွက်ရာမှာ စွန့်စားရမှုနဲ့ အခွင့်အလမ်းကို မျှတအောင် ကျင့်သုံးနိုင်ဖို့အတွက် ပွင့်လင်းမြင်သာမှု၊ ကြိုတင်ခန့်မှန်းနိုင်မှု၊ ရှင်းလင်းလွယ်ကူမှု၊ အစိုးရဌာနချင်း နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်မှုတို့ကို အားပေးမြှင့်တင်ရင်း အဂတိလိုက်စားမှုတွေကို တားဆီးနိုင်အောင် ဆောင်ရွက်လာကြတာကိုလည်း တွေ့ရပါတယ်။





COVID-19 ဟာ မြန်မာနိုင်ငံအတွက်သာမက
တစ်ကမ္ဘာလုံးအတွက် ကြီးမားတဲ့ လူမှုစီးပွားရေး
စိန်ခေါ်မှုကြီးတစ်ခု ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုကို
တွန်းလှန်နိုင်ဖို့ နိုင်ငံသားအားလုံးရဲ့ စုစည်းညီညွတ်တဲ့
စွမ်းအား၊ မှန်ကန်တဲ့ ခံယူချက်၊
တူညီတဲ့စိတ်ဓာတ်တွေနဲ့ လက်ချင်း
ချိတ်ဆက်ဆောင်ရွက်သွားကြဖို့ လိုအပ်လှပါတယ်။
စိန်ခေါ်မှုကြီးမားတဲ့ ကပ်ရောဂါဆိုးကြီးကို တွန်းလှန်ရင်း
မိမိနိုင်ငံအတွင်းမှာ နာတာရှည်ရောဂါ ထပ်ဖြစ်စေမယ့်
အဂတိကပ်ရောဂါ ပြန့်ပွားမလာစေဖို့ တက်ညီလက်ညီ
ဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း
တိုက်တွန်းလိုက်ရပါတယ်။

